# မင်းခိုက်စိုးစန်၊ မျှားသူ

# နှစ်နံ့စပ်ကောင်းကင်



# “မျှားသူအတွက် မုဒိတာ”

## သစ္စာနီ

## (၁)

မြန်မာနိုင်ငံ စာပေလောကတွင် ဝတ္ထုတိုရေး သူ၊ ဝတ္ထုရှည်ရေး သူ (လုံးချင်းကိုဆိုလိုပါ သည်) တွေ ပေါသော် လည်း ယခုစာအုပ်တွင် တွေ ့ရသည့် ဝတ္ထုရှည်၊ အတို (သို့မဟုတ်) ဝတ္ထုလတ်ရေး သူကား မရှိသလောက်ရှားသည်ဟုပင် ဆိုနိုင်သည်။ (သူတို့ဘာသာစကားအသုံးဖြင့် ဆို လျှင် Novellaဟုခေါ်ပါသည်။ Noveletteမဟုတ်ပါ။ နိဝယ်လက်ဆိုသည်မှာ ဝတ္ထုရှည်အတို အညံ့စား အပေါစားဟု အဓိပ္ပါယ်ရပါသည်။)ဤဝတ္ထုလတ်မျိုး ကို သီခြားရေး သူဟူ၍ မရှိပါ။ ဝတ္ထုတို၊ ဝတ္ထုရှည်ရေး သူ စာရေး ဆရာများကပင်(သူတို့ဆီမှာ ရော ကျွန်တော် တို့ဆီမှာ ပါ)အကြောင်းအားလျော်စွာ ရေး ဖွဲ့ကြချင်းမျိုးသာ ရှိပါသည်။ ဥပမာ ဟယ်မင်းဝေး၏ ”ကလီမန်ဂျရိုက နှင်းများ ”မှာ ထိုအမျိုး အစား ဖြစ်ဖြစ်ပါသည်။ ကျွန်တော် ကသာ ဖြစ်ကာ ပိတောင်နှင့် သာတွင် ဖော်ပြသည့် ထရူးပင်ကားဗို့၏ ”က လေးချစ်” (Children on their birthday) မှာ ထိုအမျိုး အစား ဖြစ်ပါသည်။ ပင်ကိုယ်ရေး အနေဖြင့် စာရေး သက် အနှစ် လေးဆယ်ကျော်အတွင် းနှစ် ပုဒ်တာ ဖော်ပြခံရဖူးပါသည်။ ဒဂုန်မဂ္ဂဇင်တွင် ဖော်ပြ ခဲ့သည့်”သံချေးတက်နေသော တွယ်အပ်ကလေး” နှင့် ပန်းခင်နှင့် လူ”တို့ ဖြစ်ပါသည်။ ကျွန်တော် ၏ ဝတ္ထုတိုနှစ် ပုစ်ပုဒ် ဖြစ်သော “ပဥ္စရူပ”နှင့် ပျော်ပွဲစား”တို့ကို ဝတ္ထုလတ်အသွင်ချဲ့ထားကာ ရေး ထားသော လည်းစာဖက်သူများ ထံမှော င် ရောက်အောင်တင်ပြ မပေးနိုင်သေးပါ။

ယခုဤကဲ့သို့ တောင်မကျ၊ မြောက်မကျ အချိုး အစားဝတ္ထုလတ်နှစ် ပုဒ် စုပေါင်းထုတ်ဝေ သည်ကို တွေ ့ရသည့်အခါ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါသည်။

သူတို့ဆီတွင် ဤကဲ့သို့ သော စာပေပုံစံဝတ္ထုလတ်များ အတော် များများ ရှိသည်။ ဂျိမ်းဂျွိုက်၏ The Deathi လီယိုတော် စတွိုင်း၏ အိုဗင်သေဆုံးခြင်း၊ ဒိုတောယက်စကီး၏ ညဖြူစသဖြင့် မကြာခင်က ဘက်ကက်၏ The First Love ကို ကျွန်တော် သူငယ်ချင်း မြတ်သစ် ဘာသာပြန်ထုတ်ဝေလိုက်တာလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် လည်း ဤစာအုပ်ကို ပုံစံတစ်ခုအနေဖြင့် ထွန်းကားနေချင်ပါသည်။

■

(၂)

ဤဆယ်စုနှစ် တစ်ခုအတွင်းမှာ ပင် စကားပြေရေး ခဲ့သူ လူငယ်အတော် များများ ပေါ်ထွန်း လာတာတွေ့ ရသည်။ စာရေး ဆရာတသိုက်က လူငယ်များ ဆိုတော့ ကျွန်တော် တို့မှာ လူအို(ကလောင်အို)စာရင်းဝင်နေလေပြီ။ အရေး အခင်းကြီးတစ်ခုအပြီးတွင် တာရာမင်းဝေ၊ မင်းခိုက်စိုးစန်၊ နောက်...နီကိုရဲ။

လွန်ခဲ့သော ဆယ်စုနှစ် လောက်ကာလများ မှာ တော့ ဝေမှူး သွင်၊ အကြည်တော် ၊ ယခု(၅)နှစ် အတောအတွင်းမှာ လူငယ်စာရေး သူတွေ ခပ်စိပ်စိပ်ပေါ်ထွန်းလာကြသည်။ လူနေ၊ လက်ညှို့ သွေး၊ လွန်းဆက်နိုးမြတ်၊ လင်းမြတ်ဝေမြန်၊ လတ်တေဇအောင်စသဖြင့် ....ယခု သိုးဆောင်း၊ သည်ခေတ် နေ ဆိုတာအထိ။ အသက်နှစ် ဆယ်ကျော်ပတ်ဝန်းကျင် လူငယ်များ ဖြစ်ကာ အားစိုက်ခွန်စိုက်ရေး ကြတာ တွေ့ရသည်။ ရှေ့က လပ်ဟာနေသော လုံးချင်းဝတ္ထုလောကကို ကွက်လပ်ဖြည့်မြည့် လူငယ်များ ။ တချို့ မှာ အချိန်တိုတိုနှင့် မထင်မှတ်လောက်အောင် အောင်မြင်မှု မျိုး ကို ရသွားကြသည်။ ကျွန်တော် သည် လူငယ်စာရေး ဆရာတွေ နှင့် မျက်ခြေမပြတ်။ သူတို့နှင့် စကားပြောကြည့်သည်။ သူတို့စာတွေ ဖတ်ကြည့်သည်။ သူတို့နှင့် မျက်ခြေမပြတ်ချင်းမှာ ခေတ်ကို မျက်ခြေမပြတ်ခြင်းပင် ဖြစ်သည်။

သူတို့စာအုပ်များ ထဲတွင် တွေ့ရသည့် ခေတ်သူငယ်တွေ ၏ အသံကို ကျွန်တော် ရှာဖွေကြည့်ရတာ ပျော်မွေ့သည်။ သူတို့ ဘယ်လိုတွေးခေါ်သလဲ။ဘယ်လိုတုန့်ပြန်သလဲ။ ဘာတွေ ယုံကြည်သလဲ တချို့ကိုအားရစရာတွေ့ရသည်။ တချို့ကိုစိတ်ပျက်စရာတွေ့ရသည်။ ဘာပဲ ဖြစ် ဖြစ်၊ယင်းမှာ ခေတ်တ ခေတ်၏ ပုံရိပ်ဆိုတာပင် ဖြစ်ပေသည်။

■

(၃)

ယခုပူးတွဲ ထုတ်ဝေသည့် စာအုပ်တွင် ပါသော မင်းခိုက်စိုးစန်ရော၊ မျှားသူပါကျွန်တော် နှင့် ညီငယ်များ ကဲ့သို့ ရင်းနှီးသူတွေ ဖြစ်သည် မင်းခိုက်စိုးစန်နှင့် ပတ်သက်၍ ကျွန်တော် အနေဖြင့် စကားဦးသမ်းစရာမလို။ သူသည်ကြီးမားသော အတိုင်းအတာနှင့် အောင်မြင်မှု ရနေသော လူငယ်တစ်ဦး ဖြစ်သည်။

မျှားသူဆိုသော ကလောင်အမည် မှာ ရိုးရိုးကလေးနှင့် ဆန်းကာဆွဲဆောင်နိုင်စွမ်းရှိသည်ဟု မြင်ပါသည်။ သူကလည်းယခုမှရေး သော ကလောင်သစ်ကလေး တစ်ယောက် မဟုတ်။ လွန်ခဲ့သော ဆယ်နှစ် ခန့်ကပင် ကဗျာဝတ္ထုများ ကို တခြားကလောင်အမည် တမျိုး ဖြင့် ရေး သားလာခဲ့သူ ဖြစ်၏ စာရေး ကျဲသူ ဖြစ်သော လည်း သူ့အနုပညာအလုပ်ကို သူကိုယ်တိုင်ကတရိုတသေလုပ်လေ့ရှိသဖြင့် သူ့လက်ရာများ မှာ အသိုင်းအဝိုင်းကြားတွင် တစ်စုံတရာအတိုင်း အတာအထိ အသိအမှတ်ပြုခံရသူ ဖြစ်၏ ။ ယခုလုံးချင်းဝတ္ထုလိုင်းကို ကူးဝင်မည် ဆိုသော အခါ သူကရည်ရွယ်ချက်ရှိရှိ အမည် ပြောင်းလိုက်သည် ဤအချက်ကိုက ကောင်းမည် ဟုထင်သည်။ မူလရှိရင်းစွဲကလောင် အမည် နှင့် လည်း ကဗျာ၊ ဝတ္ထုတိုများ ကို သူဆက်ရေး ဖြစ်နေလိမ့်မည် ။

ယခုအတွဲ တွင် သူရေး လိုက်သော ဝတ္ထုအမည် က “ရွှေဟုခေါ်သည်။”အကြောင်းအရာက ဘာမှမဟုတ်။

ဤဘာမှမဟုတ်သည့်ကိစ္စလောက်ကိုပင် စိတ်ဝင်တစားဖတ်ရှုချင်အောင် ချယ်မှု န်း ပြနိုင်ခြင်းကပင်သူ၏ စာပေအရည်အသွေးကို ထုပ်ဖော်ပြရာရောက်နေသည်။ သူ့ဘဝတွင် ပတ်သက် ခဲ့ရသည့်ရွှေလက်စွပ်ကလေးနှစ် ကွင်းအကြောင်းများ သာ ဖြစ်သည်။ တင်ပြပုံ ကတော့တစ်မျိုး ။ ဇာတ်ကောင်အမည် မိုးလုံးမွှေးဟုဖော်ပြကာ Third Person နေရာကရေး တာ။ တင်ပြပုံက ကျွန်တော် First Person နေရာ ဖြစ်နေသည်။မိုးလုံးမွှေပင်ကျွန်တော် ၊ ကျွန်တော် ကလည်းပင် စာရေး သူ(မှူးသူ) ဖြစ်ပါသည်။ တစ်ခါတရံစာရေး သူအနေဖြင့် ဝင်ပြောလိုက်သေးသည်။ စာရေး ရာ တွင် ကိုယ့်ရှုထောင့်တစ်ခုတည်းမှာ သာ အစဥ်အစိုက်နေတာကိုဖော်ပြချင်သော အခါ First Person ကျွန်တော် ကိုသုံးလေ့ရှိသည် ဘက်စုံထောင့်စုံမှလိုအပ်သလိုဖော်ပြချင်လျှင်

Third Person ကိုသုံးလေ့ရှိသည်။ သူ့ဝတ္ထုထဲတွင် ထိုနှစ် ခုကို ရောထွေးလိုက်တာတွေ ့ရ လေသည်။ မင်းခိုက်စိုးစံ၏ ဝတ္ထု"ကစားမလား နားမလား"မှာ မူသူရေး သည့်အထဲတွင် ခပ်စန်းစန်းဟု ဆိုရပေတော့မည် ။ သူအမတန်ရေး ခဲ့သော ဟာသစာပေအမျိုးအစား ဖြစ်နေသော ကြောင့် ပင်။ မင်းခိုက်စိုးစံစာအုပ်မျိုး စုံကိုရေး နိုင်စွမ်းရှိသည်ဟူသော အချက်ကို ကျွန်စက္ကူကသက်သေခံ၍ နေ သည်။ ဇာတ်ကောင်နီတွတ်ဒင်က ထွေးလှအား အင်္ဂလိပ်ဘာသာဖြင့် ရည်းစားစကားလိုက်ပြောခန်း ကိုသဘောအကျဆုံး ဖြစ်သည်။ အလွတ်ကျက်ထားတာတွေ မေ့ကုန်သော ကြောင့် ဖတ်၍ မှတ်မိ သမျှကြော်ငြာစာသားတွေ ကောက်ရွတ်ပုံက၊ အံ့ဝင်ကွက်တိရယ်စရာတွေ ဖြစ်နေလေသည်။

ဘာပဲ ဖြစ် ဖြစ်ဝတ္ထုလတ်အမျိုး အစား ရှားပါးနေသော အချိန်၌ ဤကဲ့သို့ သော ဝတ္ထုလတ်(၂) ပုဒ်ကိုဖတ်လိုက်ရသည်မှာ အာသာဆန္ဒပြေသင့်သလောက် ပြေနိုင်ပါလိမ့်မည် ဟု ယူဆပါသည်။ တစ်ခုပဲစိုးရိမ်သည်။ မင်းခိုက်စိုးစံကပရိသတ်ရှိပြီးသား။ မှူးသူ တစ်ယောက် သာသူ့ပရိသတ်ကို ကျွန်စက္ကူနှင့် မှူးနိုင်ပါ့မလား၊ကျွန်တော် စောင့်ကြည့်ရပေတော့မည် ။

အားလုံးကိုလေးစားလျက်

သစ္စာနီ

(အောက်တိုဘာလ ၁၈ -၂၀၁၀)

■

# ရွှေဟုခေါ်သည်

## မျှားသူ

အကြောင်းတစ်ခုခုကြောင့် မဟာဗန္ဓုလလမ်းပေါ် ကားစီးရပြီဆိုတာနဲ့ လမ်းဘေးက များ ပြားထည်ဝါလှတဲ့ ရွှေဆိုင်တန်းအရှည်ကြီးကို အမြဲလိုလို မိုးလုံးမွှေးငေးမောသွားလေ့ရှိပါတယ်။

ဒီလိုငေးမောနေစဉ်အခိုက်အတန့်မှာ မိုးလုံးမွှေးစိတ်ထဲတွေ းမိတတ်တာက အများ အားဖြင့် ရွှေနဲ့ပတ်သက်တဲ့ အမှတ်တရ ဖြစ်မှု တွေ ပါပဲ။ သန့်ပြန့်ကြည်စင်တဲ့ မှန်အုပ်ဆောင်တွေ ထဲကတဖျက် ဖျက်နဲ့ ဝင်းပလင်းလက်နေတတ်တဲ့ ရွှေထည်ပစ္စည်းတွေ ဟာ မိုးလုံးမွှေးအပါအဝင် မြင်ရသူတိုင်းရဲ့ စိတ်နှလုံးကို ခမ်းနားမှု တစ်စုံတစ်ရာပေးစွမ်းလို့ နေပါတယ်။

လိုချင်တပ်မက်စိတ် ကင်းရှင်းပေမယ့်လည်း ရွှေထည်တွေ မဟုတ်တဲ့ အခြားတစ်နေရာရာ ဆီမိုးလုံးမွှေးအကြည့်ကို လွှဲမပစ်လိုက်နိုင်ခဲ့ဘူး။ ဘာရယ်မဟုတ်ဘဲ မှန်အုပ်ဆောင်းတွေ ထဲက တစ်ဖျက်ဖျက်လက်နေတဲ့ ရွှေထည်လက်ဝတ်ရတနာတွေ ကို မိုးလုံးမွှေးဟာငေးမောမြဲ ငေးမော နေမိပါတယ်။ စိတ်ထဲမှာ လည်း ငယ်ငယ်ကရောင်စုံကစားစရာတွေ ရောင် းတဲ့ ဆိုင်လေးနားရောက်သွားပြီးရပ်ကြည့်ရသလို အရသာနဲ့ ဆင်ဆင်တူတဲ့ ခံစားမှု ကို ရပါတယ်။ တစ်ချိန်တည်မှာ ပဲ မိုးလုံး မွှေဘဝမှာ ရရှိပိုင်းဆိုင်ခဲ့ဘူးတဲ့ ရွှေထည်လက်ဝတ်ရတနာလေးတွေ ကို ပြန်အမှတ်ရမိပြန်ပါရဲ့ ။

ဟိုအရင်ကမိုးလုံးမွှေမှာ ရွှေလက်စွပ်၊ ရွှေဆွဲကြိုး ၊ ရွှေဟန်းချိန်းစတဲ့ ရွှေထည်လက်ဝတ် ရတနာတချို့ ကို မိဘကျေးဇူးကြောင့် ဝတ်ဆင်ပိုင်ဆိုင်မှု ရခဲ့ဖူးပါတယ်။ သိတဲ့အတိုင်းပဲလေ။ ကျွန်တော် တို့မြန်မာလူမျိုးဆိုတာ ငွေယားကလေးရှိရင် ရွှေထည်ပဲ ဝယ်စုထားတတ်ကြတာကိုး။ဗျ ရွှေအစစ်မဟုတ်ပေမယ့် အဲဒီ အချိန်ကလက်ပတ်နာရီတောင်မှ

ရွှေရောင် လက်ပတ်နာရီပတ်ကြတဲ့ခေတ်၊ရွှေနဲ့ပတ်သက်ရင် မိုးလုံးမွှေးဟာကံကောင်းတယ်ပြောရမလား ကံဆိုးတယ်ပြောရမလား ကိုယ်တိုင်တောင် သေသေချာချာ ဝေခွဲတတ်ပုံမရဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ မိုးလုံးမွှေးပိုင်ဆိုင်ခဲ့ ဖူးတဲ့ရွှေထည်လက်ဝတ်ရတနာတွေ တိုင်းဟာ မိုးလုံးမွှေကို စိတ်အနှောင့်အယှက်အမြဲပေးတတ်ပြီး ပျော်ရွှင်မှု လည်းပေးတတ်လို့ပါပဲ။

တလောတုန်းက မိုးလုံးမွှေရဲ့ ညီ ဖြစ်တဲ့ ခိုင်လုံးမွှေးဟာချောင်သာကို သူ့သူငယ်ချင်းအပေါင်းအသင်းတွေ နဲ့ ရောက်သွားရင်းလက်စွပ်တစ်ကွင်းကျ ပျောက်သွားခဲ့ပါတယ်။ ကျပျောက်သွားတဲ့လက်စွပ်ဟာ မိုးလုံးမွှေးငယ်ငယ်က စွပ်ခဲ့ရတဲ့ လက်စွပ်ပါ။ အဲဒီ့ လက်စွပ်လေးဟာ ရွှေလက်စွပ် ဆိုတာတော့ အထူးပြောပြနေစရာလိုမယ် မထင်ပါဘူး။

ကာလပေါက်ဈေးအရ အဖိုးတန်ကြီးမဟုတ်ပေမယ့် အဲဒီ့ လက်စွပ်ချောင်းသားမှာ ပျောက်ခဲ့တဲ့သတင်း ကြားကြားချင်းမိုးလုံးမွှေးဟာ စိတ်မကောင်း ဖြစ်သွားမိတာတော့ အမှန်ပါပဲ။ ဒါကလည်း အဲ့ဒီလက်စွပ်လေးနဲ့ ပတ်သက်ပြီး မိုးလုံးမွှေးမှာ အမှတ်တရ ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးတာကြောင့် ကိုး။

အဲ့ဒီလက်စွပ်ကလေးဟာ အခေါင်းပွအမျိုး အစားလက်စွပ်ကလေးပါ။ အစမှာ မိုးလုံးမွှေနဲ့ သိပ်မတော် ဘဲချော်နေလို့ ကွင်းအောက်ခြေမှာ အဝတ်စလေးတွေ တောင် ပတ်ထားပြီးဝတ်ရတယ်။ အပေါ်ပိုင်းမှာ အလှအ ဖြစ်ပန်းသီးပုံစံဖော်ထားတာဟာ ရုပ်တရက်ကြည့်လိုက်ရင် အသည်းနှလုံးပုံနဲ့ တူနေပါတယ်။ သေသေချာချာကြည့်မယ်ဆိုရင်တော့ ပန်းသီးအညှာလေးကို မြင်ရမှာ ပါ။

အဲ့ဒီ့ပန်းသီးပုံးလေးထဲမှာ တရုတ်စာလုံတစ်လုံးရေး ထားပြီး အဓိပ္ပါယ်ကိုတော့မိုးလုံးမွှေမသိ ခဲ့ပါဘူး။ ဘယ်သူမှလည်းသိပုံမရခဲ့ပါဘူး။ ကျွန်တော် ဆိုလိုတာက မိုးလုံးမွှေတို့ မိသားစုဟာငွေပို ငွေလျှံလေး ရှိတုန်းရွှေလက်စွပ်တစ်ကွင်းဝယ်တယ်ဆိုတာလောက်အပြင် ဘာကိုမှ သိပ်တွေ းတော မနေတတ်တဲ့ မိသားစုမျိုး ပါ။ ဒီလိုနဲ့မိုးလုံးမွှေဟာ လက်စွပ်လေးကို ကာလတော် ကြာအောင်

ဝတ်ဆင်လာရင်း တစ်နေ့မှာ လက်စွပ်လေးနဲ့ပတ်သက်ပြီး အခုလိုပြန်အမှတ်ရမိစေတဲ့ အ ဖြစ်အပျက်တစ်ခုကြုံရတာ ပေါ့ဗျာ။

ရေနံချောင်းဆိုတဲ့ နယ်မြို့ လေးမှာ မိုးလုံးမွေးအဖေကစက်မှု လက်မှု အထက်တန်း ကျောင်းအုပ်ကြီးအ ဖြစ် တာဝန်ထမ်းဆောင်ရတော့ မိုးလုံးမွေးတို့ တစ်မိသားစုလုံး ကျောင်းဝန်းထဲ ကအရာရှိအိမ်ယာမှာ နေထိုင်ရပါတယ်။ ငယ်ဘဝတစ်လျှောက်လုံးလိုလို ဒီလိုပဲ ဖခင်တာဝန်ကျရာ နယ်မြို့ တွေ ကို မိုးလုံးမွေတို့ မိသားစုလိုက်ပါပြောင်းရွေ့နေထိုင်ရတာ ပါပဲ။

ရေနံချောင်းမြို့ ကို မိုးလုံးမွေးခြောက်တန်းနှစ် မှာ စရောက်တယ်။အခု လက်စွပ်ကိစ္စကြုံတော့ မိုးလုံးမွေခုနှစ် တန်းကျောင်းသား ဖြစ်နေပါပြီ။ စောစောက ပြောခဲ့ပြီးသလိုခုနှစ် တန်းကျောင်း သားအရွယ်က မိုးလုံးမွေနေထိုင်ရတဲ့ ကျောင်းဝန်းကြီးထဲမှာ အခြားဆရာ ဆရာမ ဝန်ထမ်းတွေ အပြင်သူတို့သားသမီးတွေ လည်းနေထိုင်ကြပါတယ်။ အဲ့ဒီထဲမှာ လျှက်စစ်အင်ဂျင်နီယာဌာနမှူး တစ်ယောက် ရဲ့ သား ဖြစ်တဲ့ ကိုမျိုး အောင်ဆိုတဲ့ လူလည်းပါတယ်။ ကိုမျိုး အောင်က မိုးလုံးမွေးတို့ထက် အသက်၆နှစ် ၇နှစ် လောက်ကြီးတယ်။ မိုးလုံးမွေးတို့ဆိုတာကဆရာ ဆရာမ ဝန်ထမ်းတွေ ရဲ့ သား၊ သမီးတွေ ထဲကမိုးလုံးမွေးနဲ့ အသက်မတိမ်းမယိမ်း ကစားဖော်ကစားဖက် အရွယ်တူတွေ ကို ပြောတာပါ။

ဒီနေရာမှာ အလျဉ်းသင့်သလို ကိုမျိုး အောင်အကြောင်း ကျွန်တော် နည်းနည်း ပြောပြပါရစေ မိုးလုံးမွေးတို့ ကလေးတွေ ထဲမှာ တော့ ကိုမျိုအောင်က အသက်အကြီးဆုံးကလေးပါပဲ။ စကားပြောရင် အကြွားသန်တတ်လွန်းလို့ သူ့ကိုကွယ်ရာမှာ လေအိုးကြီးလို့မိုးလုံးမွေးတို့ ကလေးတွေ က နာမည် ပြောင်းပေးထားကြပါတယ်။ သူကအငြင်းလည်းသန်ပါတယ်။ ညစ်လည်းညစ်တတ်ပါတယ်။ ဘာပဲကစားကစား မိုးလုံးမွေးတို့ကလေးတွေ က သူ့ကိုအလျှော့ပေးရပါတယ်။ တစ်ခါတစ်လေမှာ တော့သူဟာမိုးလုံးမွေးတို့ကလေးတွေ ရဲ့ အကိုကြီးဆိုလည်းဟုတ်တယ်။ ဆရာဆိုရင်လည်းမမှား ပါဘူး။ သူ့ကြောင့် မိုးလုံးမွေးတို့ စက္ကူစွန်လွှတ်တတ်သွားတယ်။ မှန်စကြိုး တိုက်တတ်သွားတယ်။ လက်တောက်ခုံလို့ခေါ်တဲ့ ဗယ်ခုံမှာ သူဟာဆရာပါပဲ။

ရေနံချောင်းမြို့ က ချောင်းတိမ်လို့အမည် တွင် တဲ့နေရာမှာ တီဗွီဂိမ်းတွေ စရောင်းလာတော့လည်း သူဟာ မိုးလုံးမွှေးတို့ရဲ့ အကောင်းဆုံးပြိုင်ဘက် ဖြစ်လာပြန်တာပါပဲ။ နောက်ပြီး လျှပ်စစ်အင်ဂျင်နီယာဌာနမှ တစ်ယောက် ဖြစ်တဲ့ သူ့အဖေကြောင့် လျှပ်စစ်ပညာကိုလည်းသူအတော် ကလေး ကျွန်းကျင်ပိုင်နိုင်ပါသေးတယ်။ တစ်ခုခုကစားဖို့ မိုးလုံး မွှေးတို့ သွားခေါ်တဲ့အချိန်တိုင်း သူဟာအိမ်မှာ သူ့အဖေ သူ့အစ်ကိုတွေ နဲ့အတူ ဝါယာကြိုး တွေ ၊ ခဲ ဂေါက်တွေ နဲ့ မော်တာပတ်လိုက်၊ ရေဒီယိုပြင်လိုက် လုပ်နေတာချည့်ပါပဲ အဲဒါအပြင်မိုးလုံးမွှေးတို့ နားမလည်တဲ့ အခြားလျှပ်စစ်နည်းပညာအသစ်အဆန်းတွေ လည်း သူထွင်တယ်လို့(သူ့ကြွားလုံး အရ)သိရပါတယ်။

တစ်ကြိမ်မှာ တော့ ထုံးစံအတိုင်း ကိုမျိုး အောင်ကို မိုးလုံးမွှေးတို့ဟိုဟာဒီဟာ ကမြင်းရအောင် သွားခေါ်ကြပါတယ်။ ဟိုရောက်တော့ ကိုမျိုး အောင်ဟာ အိမ်မြှော င်ဉအရွယ်လောက်ရှိတဲ့ အလုံးလေးတစ်လုံးကို လက်ဖဝါးထဲထည့်ပြီး လိမ့်နေတာတွေ ့ရတယ်ခင်ဗျ။ မိုးလုံးမွှေးတို့လည်း ထူးဆန်းသွားတာပေါ့လေ။ ဘာ ဖြစ်လို့လည်ဆိုတော့ ကိုမျိ ုးအောင်လက်ဖဝါးထဲက အိမ်မြှော င်ဉ အရွယ်အလုံးကလေးကို မိုးလုံးမွှေးတို့ထဲက ဘယ်သူကမှ မမြင်ဖူးကြဘူးမဟုတ်လား။

ကိုမျိုးအောင်ရဲ့ လက်ဖဝါးပေါ်မှာ ပျော့စိပျော့စိနဲ့ လိမ်နေတဲ့ အဲဒီ ပစ္စည်းလေးဟာ မိုးလုံးမွှေးတို့ အမြင်မှာ အတော့်ကိုထူးဆန်နေတာ အမှန်ပါပဲ။ အဲဒီ ပစ္စည်းလေးက ဘာနဲ့တူသလဲဆိုတော့ ရေနဲ့အတော် တူပါတယ်။ဒါပေမယ့် ရေဆိုရင်လည်း လက်ဖဝါးပေါ်မှာ လိမ့်နိုင်မှာ မဟုတ်ဘူး လေ။အရောင် တွေ ကလည်းထူးဆန်းတယ်။ ငွေရောင် ။

မိုးလုံးမွှေးတို့ တစ်ဖွဲ့လုံး တွေ းမိလိုက်တာက ကိုမျိုး အောင်တော့ အထူးအဆန်းတစ်ခု လုပ်ထားပြီဆိုတာပါပဲ။ တစ်ပြိုင်နက်တည်းမှာ ပဲ အဲ့ဒီပစ္စည်းလေးကို ကိုမျိုး အောင်လိုပဲ လက်ဖဝါးထဲထည့်လိမ့်ချင်လာကြပါတယ်။ ဟုတ်တယ်လေ။ ကိုမျိုး အောင်ရဲ့ လက်ဖဝါးမှာ အဲဒီ့ ငွေရောင် အဆင်းရှိသော ရေကဲ့သို့သော အလုံးကလေးပေါ့လေ။ အဲဒါလေးလိမ့်နေတာက ဘာနဲ့တူသလဲဆို တော့ပိန်းရွက်ပေါ်မှာ

မိုးရေစက်တစ်လုံးလိမ်နေသလိုမျိုး ပါပဲ။

မိုးလုံးမွှေးတို့အံ့အားသင့်ကြည့်နေတာကို သိနေတဲ့ ကိုမျိုး အောင်က ထုံးစံအတိုင်း လေး ထွားပြပါတော့တယ်။

"ဒါဘာလဲ သိလား...ငါတစ်ညလုံး ဒါကို ရအောင် ကြိုး စားထားရတာ ကွ"

"ဒါဘာလဲဗျ"

"ဘာလေးလဲဟင်"

"ဘယ်ကရလာတာလဲ"

"ဒါကိုမင်းတို့သိပါတယ်ကွာ.....မင်းတို့ နေ့တိုင်းကြည့်တဲ့ မှန်နောက်မှာ သုတ်ထားတဲ့ဟာပေ့ါ....ဒီကျောင်းဝန်းထဲကမာကျူရီမီးသီး အကွဲမ်းတွေ ထဲက ရအောင်ထုတ်ထားတာ"

မိုးလုံးမွှေးတို့လည်း တော် တော် လေး စိတ်ဝင်စားသွားကြပါတယ်။ နေ့တိုင်းကြည့်နေတဲ့ မှန်နောက်မှာ သုတ်ထားတဲ့ဟာတဲ့။ ဘာလဲပေ့ါလေ။ ရုတ်တရက်ဆိုတော့ အဖြေမှန်ကို ဘယ်သူမှ မစဉ်းစားမိကြပါဘူး။

နောက်မှ ကိုမျိုးအောင်က.....

"ဒါကိုပြဒါးလို့ခေါ်တယ် ကောင်လေးတွေ ရဲ့ .....မီးသီးအကွဲမ်းသုံးလုံးထဲမှာ မှ ဒါလေးပဲရတာ ..."

အဲဒီ့စကားကြားတော့ မိုးလုံးမွှေးတို့ထဲက ကြွက်နီဆိုတဲ့ကောင် မျက်နှာဟာ ဝင်းခနဲ ဖြစ်သွားတယ်။ ပြီးတော့...

"ဒါဆို ကျွန်တော် တို့ အိမ်မှာ မီးသီးအကွဲမ်းတွေ အများ ကြီးရှိတယ်။ အဲဒီ ထဲမှာ ဒီဟာလေးတွေ အများ ကြီးရှိမှာ ပေ့ါနော်"

ချက်ချင်းပဲ ကိုမျိုး အောင်က ခေါင်းအတင်းခါတယ်။

“ဟာ.....နီး.....နီး.....ဘယ်ရှိမလဲကြွက်နီရ....ရိုးရိုးမီးသီမရဘူး....မာကျူရီမီးသီးမှာ ပဲ ရှိတာ”

ကြွက်နီ စိတ်ညစ်သွားတယ်။ ကိုမျိုး အောင်ပုံစံကလည်းစောစောကထက်ပိုပြီး ဆောင့်ကြွား ကြွားနိုင်သွားတယ်။ ဒါပေမယ့်သူပြောတာဟုတ်လား မဟုတ်လားဆိုတာကို မိုးလုံးမွေးတို့ ဘယ်သူ မှစိတ်မဝင်စားကြပါဘူး။ အဲ့ဒီတုန်းက မိုးလုံးမွေးတို့က ကလေးတွေ ဖြစ်နေတော့ ကလေးလိုပဲ တွေ း ပါတယ်။အဲဒါ ကတော့ ကိုမျိုး အောင်လက်ဖဝါးထဲက အဲဒီ ပြဒါးလုံးကလေးကို မိမိလက်ဖဝါးထဲထည့် ပြီးစူးစမ်းကြည့်ချင်တဲ့စိတ်ပါပဲ။

“ကဲ....လာ ဘယ်သူကိုင်ကြည့်မလဲ”

ကိုမျိုး အောင်က တော် တော် ချိန်ဆပြီးမှ ဒီစကားကိုပြောတာပါ။ သူ့ပုံစံက မိုးလုံးမွေးဖတ်ဖူး တဲ့ ကာတွန်းစာအုပ်ထဲက ဦးစိတ်တိုလိုပါပဲ အင်မတန် ခက်ခက်ခဲခဲပင်ပင် ပန်းပန်း စိုက် ထားတဲ့ငှက်ပျော်သီးတစ်လုံးကို မယုံမရဲနဲ့ ထုတ်ပြရတဲ့ ဇာတ်ကောင်မျိုးပေါ့ဗျား။ ဒီတော့ မိုးလုံးမွေးတို့ အဖွဲ့ကလည်း ကာတွန်းထဲကမျောက်ညို့အတိုင်း ဖြစ် ရတော့တာပေ့ါ။ ငှက်ပျော်သီးဆိုရင် အငင်းမရွတ်တရွတ်ဆွဲယူတတ်တဲ့ မျောက်ညိုလို ဇာတ်ကောင်တွေ ပေါ့လေ။

ကိုမျိုး အောင်က ပြဒါးလုံးလေးရှိတဲ့ လက်ကို နောက်ကိုရှို့ရင်း အလန့်တကြား ထအော်တယ်။

“ဟ ဟ နေကြဦးလေ.... တစ်ယောက် တစ်လှည့် တစ်ယောက် တစ်လှည့်”

ဒါတောင်မိုးလုံးမွေးတို့ လက်တွေ ရှုပ်ယှက်ခတ်နေတာတော် တော် နဲ့ မရပ်ကြပါဘူး။ နောက်ဆုံး မင်းတို့ဘယ်သူမှမကြည့်ရအောင် ငါမပြဘဲနေလိုက်မှာ နော် ဆိုတဲ့ ကိုမျိုး အောင် စကား ကြောင့် မိုးလုံးမွေးတို့က အလိုလိုတန်းစီပြီးသား ဖြစ်သွားရပါတယ်။ ဒီလိုနဲ့အဲ့ဒီ့ အိမ်မြောင်ဥသာ သာ ပြဒါးဆိုတဲ့ အလုံးကလေးကို တစ်ယောက် တစ်လှည့် လက်ဖဝါးပေါ်တင်ပြီး လိုမ့်ကြည့်ကြပါတော့တယ်။

“မိုက်တယ်ကွ”

“ကိုမျိုး အောင် ကျွန်တော့် ကိုလည်း ဒါမျိုး တစ်ခုလောက်လုပ်ပေးနော်”

“ဘယ်လိုလေးမှန်း မသိဘူး”

တစ်ယောက် တစ်လှည့်သာဆိုပေမယ့် အသံ ကတော့ တစ်ယောက် တစ်ပေါက်နဲ့ မျိုး စုံထွက် လာတာပါပဲ။ ဒီကြားထဲထိပ်ကွတ်ဆိုတဲ့ကောင်က အလှည့်မရောက်သေးခင်....

“ဒါလေးကို မြေကြီးပေါ် ပစ်ချလိုက်ရင်လည်း ဒီလိုလေးပဲ အိကျိအိကျိလိမ့်နေမှာ လား။”

လို့ကိုမျိုး အောင်ကို လှမ်းလည်းမေးရော ကိုမျိုးအောင်က

“ဟာ ဟေ့ကောင်ထိပ်ကွက် လက်ဖဝါးပေါ်ကလွဲရင် ဒါကိုဘယ်မှ ထားလို့မရဘူးကွ... တော် ပြီမင်းမကိုင်ရဘူး...လာဒီတစ်ခါ မိုးလုံးမွှေးအလှည့်”

ထိပ်ကွက်မျက်နှာ ကွက်ခနဲပျက် သွားပါတယ်။ ငိုမဲ့မဲ့လည်း ဖြစ် သွားပါတယ်။

တကယ်လည်းကိုမျိုးအောင်ကထိပ်ကွပ်ကိုကျော်ပြီး ပြဒါးလုံးလေး မိုးလုံးမွှေးကို ပေးကိုင်ခိုင်းပါတယ်။ဟုတ်တယ်လေ။မတော် လို့ ကိုမျိုးအောင်တစ်ညလုံးရှာထားတဲ့ ဒီပြဒါးလုံးလေး

ကိုထိပ်ကွပ်က မြေကြီးပေါ် ပစ်ချလိုက်ရင် ဘယ်လိုလုပ်မလဲ။ဒါပေမယ့် ကိုမျိုးအောင် စိုးရိမ်မိတဲ့ အဲဒီ့ ကိစ္စကမိုးလုံးမွှေးလက်ထဲ ပြဒါးလုံးရောက်လာတော့မှတိတိကျကျ ဖြစ်သွားတော့တယ် ခင်ဗျ။မိုးလုံးမွှေးက ပြဒါးလုံးလေးကိုမြေကြီးပေါ် ပစ်ချလိုက်တာတော့မဟုတ်ပါဘူး။ဘယ်ကို မှလည်း မပစ်ချပါဘူး။ဒီလိုပါပဲ။

“နည်းနည်း တော့ အလေးချိန်ရှိတယ်နော်”

မိုးလုံးမွှေးကလက်ဖဝါးပေါ်ရောက်လာတဲ့ ပြဒါးလုံးလေးကိုဆကြည့်ရင်း ပြောလိုက်တယ်။

ပြီးတော့မှ ဒီပြဒါးလုံးကလေးကို စမြင်ကတည်းက လုပ်ချင်လွန်းလို့ရှုနေတဲ့

အလုပ်ကို စလုပ်ပါတော့တယ်။တခြားမဟုတ်ပါဘူး။ လက်ဖဝါးပေါ်မှာ ဟိုဟိုဒီဒီလိမ့်ကြည့်တာပါ။

စစချင်းမှာ တော့ အဟုတ်ပါပဲ။ မိုးလုံးမွှေးရဲ့ ဘယ်ဖက်လက်ဖဝါးပေါ်မှာ အဲဒီ ပြဒါးလုံးက လေးက ဟိုနေရာလိမ့် ဒီနေရာလိမ့်နဲ့ မိုးလုံးမွှေး တစ်ယောက် တော် တော် အရသာတွေ ့လို့နေပါ တယ်။ အဲဒီ လိုနေတုန်းမှာ ပဲ ဖြုန်းဆိုပြဒါလုံးလေးဟာ လက်ဖဝါးပေါ်ကနေ အရှိန်လွန်ပြီး လက် ခလယ်ဘက် နည်းနည်း လိမ့် သွားပါတယ်။ဘာမှမ ဖြစ်သေးပါဘူးခင်ဗျ။ မြေကြီးပေါ်လည်းပြုတ်မကျသေးပါဘူး။ ဒါပေမယ့်လည်းပေါ့နော်။ ဘယ်လိုပြောရလဲပေါ့နော်။

မိုးလုံးမွှေးရဲ့ ဘယ်ဖက်လက်ခလယ်မှာ အမြဲဝတ်ထားတတ်တဲ့ ပန်းသီးပုံရွှေလက်စွပ်ကွင်း လေးပေါ် ပြဒါးလုံးလေးဖြတ်ပြီးလိမ်းသွားတဲ့အခါမှာ ပြဒါးတွေ ဟာမိုးလုံးမွှေးရွှေ လက်စွပ် ထဲနည်းနည်း ချင်းစိမ့်ဝင်သွားတော့တာပါပဲ။ ဒါကိုမြင်တော့မိုးလုံးမွှေးကိုယ်တိုင်ရော ဘေးက ဝိုင်းအုံ ကြည့်နေတဲ့ ကိုမျ ုးအောင်နဲ့တခြားကလေးတွေ ရော အလန့်တကြား ဖြစ်သွားကြပါတယ်။ဘာလဲပေါ့။

မိုးလုံးမွှေးလည်း ယောင်ရမ်းပြီးလက်ဖဝါးထဲကပြဒါးလုံးကို မလိမ့်တော့ဘဲ ငြိမ်နေမိလိုက်ပါတယ်။အဲဒီ မှာ တင်လက်စွပ်နဲ့ ထိနေသေးတဲ့ ပြဒါးတွေ ဟာ လက်စွပ်ထဲကို အကုန်အစင်စိမ့် ဝင်သွားလိုက်တာ နောက်ဆုံးမှာ မိုးလုံးမွှေးရဲ့ ရွှေလက်စွပ်တစ်ကွင်းလုံး ငွေမှင်ရောင် ပြောင်းသွား ချိန် ထိအောင်ပါပဲ။

အဲဒီ့ နေ့ကအိမ်ပြန်ရောက်တော့မိုးလုံးမွှေး တစ်ယောက် သူ့ ဖအေကျောင်းအုပ်ကြီးရဲ့ ကြိမ်တုတ်စာမိတော့မိလို့ပဲ ခင်ဗျားကိုမျိုး အောင်က မိုးလုံးမွှေးတို့အိမ်လိုက်လာပြီး အကျိုး အကြောင်း ရှင်းပြပေးလို့သာ သီသီလေးလွဲသွားတာ။ မဟုတ်ရင်တော့ နာပြီပဲ။ အဲ့ဒီနေ့ကဖအေ့တုတ်စာမမိပေမယ့်လည်း မအေဆူတာကိုတော့ မိုးလုံးမွှေးရော ကိုမျိုးအောင်ရော နှစ် ယောက် စလုံးခံလိုက်ကြရပါတယ်။

နောက်ရက်တွေ ရောက်တော့ ကိုမျိုးအောင်ပြောတဲ့အတိုင်းမိုးလုံးမွှေးရဲ့

ရွှေလက်စွပ်ကလေးကို မီးအပူပေးလိုက် တာ ပြဒါးတွေ နည်းနည်း ချင်း လွင့် သွားပါတယ်။ အဲဒီ့နောက်ပိုင်း ကိုမျိုး အောင်လည်း ဘယ်မီးသီးကနေ ဘာပြဒါးမှ ထပ်ထုတ်ယူတာမျိုး မတွေ့ရတော့သလိုမိုးလုံး မွှေးလည်း ခေတ္တခဏ ခြေနည်းနည်း ငြိမ်သွားပြန်လေရဲ့ ခင်ဗျာ။

■

"ရှိတန်ဆာ မရှိဝမ်းဆာ"ဆိုတဲ့ စကားပုံကို အားလုံးကြားဖူးကြမှာ ပါ။ စကားပုံရဲ့ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း သိပြီးသားမို့ အထူးအထွေလုပ်ပြီး ရှင်းပြစရာလိုမယ်တောင် မထင်ပါဘူး။ ဒါပေမယ့် ကျွန်တော် ပြောချင်တာက ဒီစကားပုံထဲမှာ ပါတဲ့ "တန်ဆာ"ဆိုတဲ့အဓိပ္ပါယ်ကိုပါ။

ဒီစကားပုံအရတော့ "တန်ဆာ"ဆိုတာ အင်မတန်အဖိုးထိုက်တန်ပြီး ကိုယ်နဲ့မကွာ အလှဆင်ယင်လို့ရသလို လိုအပ်တဲ့အခါမှာ လည်း အလွယ်တကူ ရောင်းချရလွယ်ကူသလောက် ငွေကြေးလည်း အမြောက်အမြားရရှိစေတဲ့ လူ့အသုံးဆောင်ပစ္စည်းတစ်မျိုးလို့ အဓိပ္ပါယ်ရပါတယ်။ ဥပမာ-စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ နီလာ၊ ပုလဲ၊ ကျောက်စိမ်းစသည်ဖြင့် ပေါ့လေ။

တခြားနိုင်ငံသားတွေ အနေနဲ့ ဒီစကားပုံကို ကြားတဲ့အခါ"တန်ဆာ"ဆိုတဲ့နေရာမှာ အများ အားဖြင့် တော့ ရွှေပဲ ဖြစ်တတ်တယ်ခင်ဗျ။

ကျွန်တော် တို့မြန်မာ လူမျိုး တွေ ဟာ ဘဝနောင်ရေး အတွက်ရွှေကို စုတတ်ကြသလို ရွှေကို တန်ဖိုးထားတတ်ပုံကလည်း တခြားဘယ်လူမျိုး မှ လိုက်မှီမယ်မထင်နိုင်ပါဘူး။ မထင်ဆို ကျွန်တော် တို့မြန်မာလူမျိုး တွေ ဟာ ကိုယ့်လူမျိုး ကိုယ်တောင် ရွှေမြန်မာရယ်လို့ရွှေတတ်ပြီး ညွှန်းကြတဲ့ထိ အောင်ရွှေကို အမွှန်အမြတ်ထားကြတာကိုပဲကြည့်တော့။

ပြည်ပနိုင်ငံတွေ မှာ အလုပ်သွားလုပ်ကြတဲ့အခါ စလုံးဆိုရင်စကာ်ပူလူမျိုး ၊

ယပက်လက်ဆို ရင် ထိုင်း၊ အဲ….မြန်မာလူမျိုး များ ကျတော့ ကိုယ့်ကိုယ်ကိုယ် ရွှေလို့ ခေါ်ကြသဗျ၊ ကြည့်…ဘယ် လောက်တောင် ရွှေကိုချစ်တဲ့ လူမျိုး လဲဆိုတာ၊ နောက်တစ်ချက်ကဒါကိုထောက်ခြင်းအားဖြင့် ကျွန်တော် တို့ မြန်မာလူမျိုးတွေ ဟာ ကမ္ဘာ့အလယ်မှာ နည်းနည်း လည်း လူပါး၀ပုံရပါတယ်။ ထားပါတော့။

အဲဒီ ရွှေမြန်မာနိုင်ငံသား တစ်ယောက် ဖြစ်တဲ့ မိုးလုံးမွှေးရဲ့ ရာဇ၀င်ကိုစာတင်တဲ့အခါမှာ ရွှေနဲ့ ပတ်သတ်တဲ့ ကသော င်းကနင်းနိုင်မှု တွေ ဟာ အတော် ကိုပဲ များ ပြားလှတာတွေ ့ရတယ် ခင်ဗျ၊ အသေးအမွှား ဖြစ်ရက်လေးတွေ တော့ မပြောတော့ပါဘူး။ နည်းနည်း စိတ်လှုပ်ရှားစရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုကိုပဲ ကျွန်တော် ရွှေပြောပဲ့မယ်။ ဒီ ဖြစ်ရပ်မှာ တော့ မိုးလုံးမွှေးဟာတော် တော် ကြီးနေပါ ပြီ။ အသက်အရွယ်ကိုပြောပါတယ်။ နောင်ပြီးသူ့ဖခင်တာ၀န်ကျလို့ရန်ကုန်ကို မိုးလုံးမွှေးတို့ တစ်မိသားစုလုံးပြောင်းရွှေနေထိုင်ခဲ့တာတောင် နှစ် အတော် ကြာခဲ့ပြီးပါပြီ။

တောသားမြို့ ရောက် မိုးလုံးမွှေး၊ မိုးလုံးမွှေးတောသားမြို့ ရောက်ပေ့ါဗျား။

ဒီတစ်ခါကြုံရတဲ့ ကသော င်းကနင်း ဖြစ်မှု ဟာလည်း လက်စွပ်ပါပဲ။ ဒါပေမယ့် ငယ်ငယ်က စွပ်ခဲ့ရတဲ့ပန်းသီလက်စွပ်လေးတော့မဟုတ်ပါဘူး။ ပန်းသီးလက်စွပ်က မိုးလုံးမွှေညီ ခိုင်လုံးမွှေးဆီ ရောက် သွားပါပြီ။ ခုမိုးလုံးမွှေးက စပရိန်ကွင်း၊ အခေါက်ရွှေတန်ဖိုးကလည်း သိပ်မသေးပါဘူး။

ဒီတစ်ခါမှာ တော A.G.T.J ပြီးသွားတဲ့ နောက်ပိုင်းရန်ကုန်ထုံးစံအတိုင်း ဟိုသင်တန်း ဒီသင် တန်းတွေ လျှောတက်နေတဲ့ ရန်ကုန်သားလေး မိုးလုံးမွှေးကို မြင်ရမှပါ။ သင်တန်းတွေ ဆိုသော် လည်းပဲအဲဒီ သင်တန်းတွေ ကနေ ဘာပညာမှ ဟုတ်ဟုတ်ငြားငြား မိုးလုံးမွှေး မတတ်မြောက်ခဲ့ပါဘူး ဘယ်လိုပြောမလဲ။မိုးလုံးမွှေးရဲ့ ဟိုယောင်ယောင် ဒီယောင်ယောင် ကာလတစ်ခုလို့ပဲဆိုကြပါစို့။ အဲဒီ ကာလမှာ ပဲ ရေနံချောင်းမှာ ကျောင်းအတူတက်ခဲ့ဖူးတဲ့ ငယ်သူငယ်ချင်း တစ်ယောက် နဲ့ အမှတ်မထင်မိုးလုံးမွှေးပြန်ဆုံပါတယ်။

မိုးလုံးမွှေးတို့ ရပ်ကွက်နားက တီဗွီဂိမ်းဆိုင်တစ်ဆိုင်မှာ ပြန်တွေ့ကြတာပါ။

"ဟော့ကောင်........မင်းတေဇာ...... မဟုတ်လား"

မိုးလုံးမွှေးက ဘေးမှာ တစ်ယောက် တည်းတီဗွီဂိမ်းနှိပ်နေတဲ့ ရွယ်တူယောက်ျားလေးဘက် ကိုလှည့်မေးလိုက်တာပါ။ အဲဒီ ယောက်ျားလေးက မိုးလုံးမွှေးကို နဝေတိမ်တောင် လှည့်ကြည့်ပါတယ်။ ရုတ်တရက်ဆိုတော့ အံ့ဩတကြီးလည်း ဖြစ်သွားပုံရတယ်။နှစ် ယောက် သားအချိန်အတော် ကြာအောင် မျက်နှာချင်းဆိုင်ကြည့်နေပြီးကာမှ သကောင့်သားက မိုးလုံးမွှေးကိုပြန်ပြောပါတယ်။

"ဟုတ်တယ်...မင်းကရော ဘယ်သူလဲ"

မိုးလုံးမွှေးကို ကိုယ့်ကိုကိုယ် ပြန်မိတ်ဆက်ရပါတယ်။

"ငါမိုးလုံးမွှေးလေကွာ...မမှတ်မိဘူးလား"

"မိုးလုံးမွှေး မိုးလုံးမွှေးဩော်....အင်....သိပြီ သိပြီစက်မှု ကျောင်းမှာ နေတဲ့ကောင်ပဲ"

ရေနံချောင်းမြို့ နဲ့ ကွဲကွာခဲ့တာ ကြာပြီဆိုတော့လည်း တော် တော် ပြန်စဉ်းစားပုံပါပဲ။

■

"မင်းကငါ့ကိုဘယ်လိုလုပ် မှတ်မိတာလဲကွ.....ငါ ကတော့မင်းကိုတကယ်မမှတ်မိတာ"

မိုးလုံးမွှေးလည်း ဒီကောင့်ကို ဘယ်လိုဘယ်ပုံမှတ်မိသွားကြောင်း ထပ်ရှင်းပြရပြန်ပါတယ်။ ဒီကောင့်မှာ အများ နဲ့မတူဘဲ လက်နှစ် ဖက်စလုံးမှာ လက်သန်းဘေးကနေအပိုထွက်နေတဲ့ လက်ပွား ကလေးကိုယ်စီပါတဲ့အကြောင်းရယ်၊

အဲဒါအပြင်တစ်ခါတစ်ခါကလေးမသာရုပ်ပေါက်နေတတ်တဲ့ ဒီကောင့်မျက်ခွက်ရယ်။ စကားပြောရင်း"တနဲ့သ"မပီတာရယ်၊အဲဒီ အချက်တွေ နဲ့ပဲဒီကောင့်ကို ဒီကောင်မှန်းသိခဲ့တာဖြစ်ကြောင်း ရှင်းပြရပါတယ်။

တေဇာကရန်ကုန်ရောက်နေတာကြာပြီဆိုပေမယ့် မိဘတွေ ကတော့ ရေနံချောင်းမှာ ပါပဲ ဒီကောင့်မိဘတွေ က ရေနံချောင်းမှာ ရုပ်ရှင်ဖြန့်ချိရေး လုပ်ပါတယ်။ ဟိုအရင်မိုးလုံးမွှေးစသိကတည်း ကဒီကောင်တို့မိသားစုဟာ ဒီအလုပ်ကိုပဲ ကြီးကြီးကျယ်ကျယ်လုပ်ကိုင်ခဲ့ကြတာပါ။အဲဒီ အတွက် ရန်ကုန်ရုပ်ရှင်ကုမ္ပဏီတွေ နဲ့ဆက်သွယ်လုပ်ကိုင်ပေးဖို့ လူခံ တစ်ယောက် လိုအပ်တယ်။ ဒီတော့ဘွဲ့ ရပြီးဟိုသင်တန်းဒီသင်တန်းတွေ တတ်ချင်နေတဲ့ တေဇာဟာ ရေငတ်တုန်းရေတွင်း ထဲကျပြီး ရန်ကုန်ကို ရောက်လာခဲ့ရတော့တယ်ပေါ့ဗျာ။

နောက်ပိုင်းတေဇာနဲ့ ပတ်သက်ပြီတော့ သူငယ်ချင်းအသစ်တွေ မိုးလုံးမွှေထပ်ရလာပြန်တယ်။ အဲဒီ ထဲမှာ နာမည် ပြောင်း ၂ပေလို့ခေါ်ကြတဲ့ ကိုတိုးဆိုတဲ့ကောင်းလည်း ပါလာတယ်။ တစ်လက်စတည်းပြောရမယ်ဆိုရင် ကိုတိုးရဲ့ နာမည် ပြောင်း ၂ပေရဲ့ အဓိပ္ပါယ် ကဒီလိုပါ။ကျွန် တော် တို့မြန်မာအခေါ်ဂြိုလ်စလောင်း(ဝါ)Satelliteမှာ ၈ပေနဲ့ ၂ ပေဆိုပြီး အကြမ်းဖျဉ်းနှစ် မျိုး ရှိပါ တယ်။ ၈ပေက လိုင်းသိပ်မဆုံပါဘူး။ ၂ပေကလိုင်းစုံတယ်။ ကိုယ်တိုးဆိုတဲ့ကောင်ကလည်း အဲဒီ ၂ပေဂြိုလ်တုစလောင်းလိုပဲ ဟိုစစ်စစ် ဒီစစ်စစ်ဘယ်နေရာမဆို သိပ်သိ သိပ်တတ် သိပ်မိလွန်လို့ ၂ပေဆိုတဲ့အမည် တွင် လာရတာ ပါ။

နောက်ပိုင်းရက်တွေ မှာ မိုးလုံးမွှေးဟာ တေဇာတို့ ၂ပေတို့နဲ့အတော် ကလေး ခတ်ကျလာ ခဲ့ပါတော့တယ်။ အဲဒီ့ နေတဲ့ခတ်ကိုပိုပြီး ကျစေမယ့် ကိစ္စတစ်ခုကလည်း အဲဒီ ရက်တွေ အတွင်း ထပ်ပေါ်လာပြန်ပါတယ်။ရေနံချောင်းကိုသွားဖို့ ကိစ္စပါ။ ဘယ်သူတွေ ရှိမလဲ။ တေဇာရယ် ၂ပေရယ် မိုးလုံးမွှေးရယ်ပါပဲ။

တေဇာကအိမ်ခဏပြန်တာပါ။ ၂ပေက ရေနံချောင်းမရောက်ဖူးလို့အလည်လိုက်တာပါ။ မိုးလုံးမွှေး ကတော့ ရန်ကန်မှာ ၁၈နှစ်

ပြည့်မှတ်ပုံတင်လုပ်ဖို့အတွက်လိုအပ်တဲ့အချက်အလက်တွေ ကိုဟိုအရင် ၁၀နှစ် ပြည့်မှတ်ပုံတင်လုပ်ခဲ့တဲ့ ရေနံချောင်းရုံးကနေသွားယူရတာ ပါ။

ဒါနဲ့စကားမစပ် အဲဒီ အချိန်တုန်းက A.G.T.J သာပြီးသွားပေမယ့်မိုးလုံးမွှေးမှာ အသက်၁၈နှစ် ပြည့်မှတ်ပုံတင်ဆိုတာမရှိသေးပါဘူး။ ရှိတဲ့၁၀နှစ် ပြည့် မှတ်ပုံတင်ဆိုတာကလည်း ဟိုအရင် မိုးလုံးမွှေး(၇)တန်းကျောင်းသားဘဝ ရေနံချောင်းမြို့ မှာ နေခဲ့တုန်းကကျောင်းတွင် းစီမံချက်နဲ့ လုပ်ခဲ့လိုသာ ပေါ့လေလုပ်မူများ မလုပ် ဖြစ်ခဲ့ရင် အဲဒီ ဆယ်နှစ် ပြည့်မှတ်ပုံတင်ဆိုတာတောင်ဘယ်မှာ ရှာလို့ရှာရမှန်သိမှာ မဟုတ်ပါဘူး။ အခု၁၈နှစ် ပြည့်မှတ်ပုံတင်လုပ်မယ်ဆိုတော့ ဟိုရင်ရေနံချောင်းမှာ ၁၀နှစ် ပြည့်မှတ်ပုံတင်လုပ်ခဲ့တုန်းက အချက်အလက်တွေ ကို ပြန်တင်ပြဖို့ လိုအပ်လာပါတယ်။ ဒါနဲ့ပဲဒီခရီးမှာ မိုးလုံးမွှေးလိုက်ပါ ဖြစ်သွားတယ်ဆိုပါတော့။

အသွားခရီး ကတော့ အားလုံး ပျော်ပျော်ရွှင်ရွှင် အဆင်ချောချောပါပဲ။ တစ်ခုပဲ ရှိတယ်။ တေဇာက ကားလက်မှတ်ကိုအစောကြီးကတည်းက ကြိုး ဖြတ်ထားလေတော့ ရှေ့ကားနဲ့တစ် ယောက် တည်း သပ်သပ်လိုက် သွားပါတယ်။ မိုးလုံးမွှေးနဲ့ ၂ပေ ကတော့ ကားတစ်စီးတည်းမှာ ခုံချင်း ကပ်လျက်၊ တစ်လမ်းလုံးလည်းစကားတပြောပြောပေါ့လေ။

ရေနံချောင်းရောက်တော့ တေဇာအိမ်မှာ တည်းကြတယ်။သုံးယောက် သား သွားစရာရှိတာ တွေ သွား လုပ်စရာရှိတာတွေ လုပ်ကြနဲ့ ။တေဇာက ရုပ်ရှင်ဖြန့်ချိရေး အလုပ်တွေ လုပ်။၂ပေကိုလည်း အဆင်ပြေရင် ပြေသလို ရေနံချောင်းမြို့ ထဲလိုက်ပြ၊ မိုးလုံးမွှေးလည်းမှတ်ပုံတင်ကိစ္စလုပ် သိဟောင်း ကျွမ်းဟောင်တွေ ဆီ လျှောက်လည်ပေါ့လေ။ တေဇာတို့အိမ်မှာ မိုးလုံးမွှေးနဲ့ ၂ပေ ခဏ တည်းတဲ့ကာလတစ်လျှောက် တေဇာမိဘတွေ က အင်မတန်ပဲ ဧည့်ဝတ်ကျေပါတယ်။

ဒီလိုနဲ့ရေနံချောင်းမှာ ဆယ်ရက်ကျော်ကျော်လောက်နေလို့ကိစ္စဝိစ္စတွေ ပြီးတဲ့အခါ ရန်ကုန် အပြန်ခရီးကျတော့ တေဇာကအလုပ်မပြတ်သေးလို့ မလိုက်လာဘဲ ကျန်နေခဲ့ပြန်ပါတယ်။ အလာတုန်းကအတိုင်းမိုးလုံးမွှေးနဲ့ ၂ပေတို့နှစ် ယောက် ပဲရန်ကုန်ကို ပြန်လစ်လာခဲ့ရတယ်ပေါ့ဗျာ။ အလာတုန်းကအတိုင်းနှစ် ယောက် သားစကားတစ်ပြောပြော

လေတကနက်ကနန်နဲ့မိုးလုံးမွေးဆိုတဲ့ ကောင်ဟာသာမန်အချိန်မှာ စကားသိပ်မပြောပေမယ့် ၂ပေလိုလေပေးဖြောင့်တဲ့ ကောင်မျိုးနဲ့လည်း တွေ့ရောစကားတွေ ကရားရေလွှတ်ပြောတော့တာပါပဲ။ ၂ပေဆိုတဲ့ကောင်ကလည်း နာမည် နဲ့ လိုက်အောင်တယ်အမယ်စုံတဲ့ကောင်ကိုဗျ။

"ဖတ်ဖူးလား....မင်းသိင်္ခဝတ္ထုစာအုပ်တစ်အုပ်ထဲမှာ မုန့်ဟင်းခါးဟင်းရည်အဆစ်တောင်း တာကို စတင်ခဲ့တဲ့ အကြောင်းပါတယ်"

"ဟုတ်တယ်...ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ဝတ္ထုထဲမှာ ထင်တယ်"

■

"တီဗွီကြည့်တဲ့အခါ(ပါး)စစ်စတမ်ကို သုံးတဲ့နိုင်ငံတွေ ကမော်တော် ကားအများ စုဟာ ဘယ်မောင်းတွေ ဖြစ်တယ်တဲ့ အဲဒါကိုရော မင်းဘယ်လိုထင်လဲ"

"ဟုတ်လား......ငါတော့မကြားဖူးဘူး...ဘယ်လိုထင်ရမှန်းလည်းမသိပါဘူးကွာ"

အဲဒီ လိုပေါ့။ မိုးလုံးမွေး တစ်ယောက် ၂ပေနဲ့စကားပြောရတာ ဗဟုသုတလည်းရသလိုအူ ကြောင်ကြောင်လည်းနိုင်ပါတယ်။ တစ်ခါတစ်ရံကျတော့လည်း မိုးလုံးမွေးတည်တည်တံ့တံ့ပြောတာတွေ ကို ၂ပေကစိတ်ဝင်တစား နားထောင်ပေးနေပြန်ပါရော။

"တကယ်ပြောတာ....၂ပေရ....ငါ့ဘဝရည်မှန်းချက်ကဟောလီးဝုဒ်မှာ ရုပ်ရှင်ဒါရိုက်တာ ဖြစ်ချင်တာ"

"အေး......ကောင်းတယ်.....ကြိုး စား....မင်းက ဖြစ်မှာ ပါကွ"

၂ပေဆိုတဲ့ ကောင်က အဲဒီ လိုခင်ဗျ။ တစ်ခါတစ်လေနောက်နေတာလား အတည်လား မကွဲပြားဘူး။

“၂ပေ မင်းမိုလို့ငါဖွင့်ပြောတာ ဒီလ ငါထိုးထားတဲ့ထီးက အနည်းဆုံး ငါးသိန်းလောက်တော့ ပေါက်နိုင်တယ်ကွ”

“ဟုတ်လား .....အဲဒီ လိုချိန်ထိုးလို့ရလား”

“ရတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ....စိတ်နယ်လွန်ကျင့်စဉ်တစ်ခုထဲမှာ အဲဒါမျိုး ဆန်း ဆန်းလုပ်လို့ရတဲ့နည်း ဖတ်ဖူးထားလို့ အဲဒီ့ အတိုင်းငါကျင့်နေတာ”

မိုးလုံးမွှေးဆိုတဲ့ကောင်ကလည်း အဲဒီ လိုခင်ဗျ၊ တစ်ခါတစ်လေ အတည်လား နောက်နေတာလားမကွဲပြားဘူး။

ဆိုတော့ အဲဒီ လိုနှစ် ကောင် ပေါင်းမိတော့ ပြောနေတဲ့စကားတွေ က နောက်တာလား အတည်လားမကွဲပြားတဲ့စကားတွေ ဖြစ်နေတာမဆန်းဘူးလို့ ဆိုရမှာ ပဲ။ ဒါပေမယ့်လည်း သူတို့ဟာနဲ့ သူတို့တော့ အတိုင်အဖောက်အညီသား။

“မိုးလုံးမွှေးမင်းကတော် တော် လေ့လာအားကောင်းတဲ့ ကောင်ပဲနော်....တော် ရုံတန်ရုံငါနဲ့ ဘယ်သူမှ ဒီလောက်စကားလိုက်မပြောနိုင်ဘူး... တေဇာဆိုတဲ့ကောင်တောင်တစ်ခါတစ်လေငါနဲ့ စကားပြောမရချင်ဘူး”

“မင်းရော ဘာထူးလဲ ၂ပေရ.....မင်းကတကယ့်၂ပေလိုင်းပဲ... တကယ့်ဗဟုသုတဟင်းငါးအိုးပဲ”

“လေအိုး လုပ်ပါကွာ”

“ဟင့်အင်း...ငါးအိုးက ဟင်းချို့လုပ်ရင်ပိုချိုတယ်”

စကားပြောနေရင်းအဲဒီ လိုဖြတ်ဖြတ်ပြီး ကျီးဘုတ်ရှိသေဘုတ်ကျီးရှိသေကလည်း လုပ်ကြ သေးရဲ့ ။အဲဒီ လိုနဲ့မိုးလုံးမွှေးတို့နှစ် ယောက် စကားတပြောပြော လေတဖောင်ဖောင်နဲ့ ရေနံချောင်း ရန်ကုန်အဝေးပြေးကားကြီးပေါ်မှာ ခရီးဆက်လာလိုက်တာ တစ်နေရာရောက်တော့ ခရီးသည်တွေ ညစာစားဖို့အတွက် ကားရပ်ပေးမယ်ဟန်ပြင်မှ စကားစပြတ်ကြပါတယ်။

ကားက စားသောက်ဆိုင်တစ်ခုရှေ့မှာ ရပ် သွားပါတယ်။

မိုးလုံးမွှေးနဲ့ ၂ပေလည်း အရေး ကြီးတဲ့ပစ္စည်းလောက်သာယူပြီးတစ်ခြားခရီးသည်တွေ နဲ့ အတူကားပေါ်ကဆင်းလိုက်ကြတယ်အရေး ကြီးတဲ့ပစ္စည်းဆိုတာကလည်း ဘာမှတော့မဟုတ်ပါဘူး ပိုက်ဆံအိတ်နဲ့ အနွေးထည်လောက်ပါပဲ။

ကားအောက်ရောက်တော့ သဘာဝလေကို တစ်ဝကြီးရှူမယ်မှမကြံသေးဘူး လူနံ့ရလို့သွေး စုပ်ဖို့အငင်းမရပြေးထွက်လာတဲ့ ကျွတ်တွေ လိုမျိုး ကွင်းယာ၊ ဆေးလိပ်၊ တစ်ရှူး၊ ရေသန့်ဗူး၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ ကြက်ကြော် စတဲ့ ခေါင်းရွက်ဗျက်ထိုးဈေးသည်တွေ က ဈေးခေါ် သံမျိုးစုံပေးပြီး မိုးလုံးမွှေးတို့ ခရီးသည်တွေ ဆီဝိုင်းအုံလာကြတော့တာပါပဲ။

မိုးလုံးမွှေးနဲ့ ၂ပေလည်း ဈေးသည်အုပ်ထဲက တိုးထွက်ပြီးလူရှင်းတဲ့ကွက်လပ်တစ်ခုမှာ လေကောင်းလေသန့်လေး ဘာလေးရှူပုဆိုးလေးဘားလေးပြင်ဝတ်နဲ့၊ ပြီးသွားတော့လည်းထုံးစံ အတိုင်းအပေါ့အပါးသွားကြတာပေါ့လေ။ ခရီးသည်တွေ အပေါ့အပါးသွားဖို့ရေအိမ်တွေ က စား သောက်ဆိုင်နောက်မှာ တန်းစီဆောက်ထားလေတော့ အလွယ်တကူ လှမ်းမြင်နေရတယ်။

အဝေးပြေးခရီးသည်တင်ကားကြီးတွေ ဟာ ဒီစားသောက်ဆိုင်ရောက်ရင် အမြဲတမ်း ညစာ စားဖို့ ရပ်နားကြပုံရတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ မိုးလုံးမွှေးတို့ထက် အရင်ရောက်နှင့် နေတဲ့ တခြား အဝေးပြေးခရီသည်တင်ကားတစ်စီး ရပ်နားထားတာကိုလည်း တွေ့နေရလို့ပါ။ ဆိုင်ထဲမှာ လည်း အဲဒီ ကားမှာ လိုက်ပါလာတဲ့ ခရီးသည်တွေ ကို တွေ့ ရပါတယ်။

“၂ပေ ငါတို့ဘာစားကြမလဲ”

“ဘာပဲ ဖြစ် ဖြစ်ပါ …ဗိုက်တော့ တော် တော် ဆာနေပြီ”

၂ပေကစားသောက်ဆိုင်ထဲကို အကဲခတ်ရင်း ပြောပါတယ်။

တစ်လမ်းလုံး အရှည်မရ အဖတ်မရစကားတွေ ပြောလာခဲ့ကြတော့ ဗိုက်က ၂ပေပြောသလို တော် တော် ဆာနေကြပြီလေ။

မိုးလုံးမွှေး လေးဘီးကိုကြည့်ရင်း....

"စားပွဲထိုးကလည်း ဖမ်းလို့ကို မမီတော့ဘူး"

ဟုတ်ပါတယ်။ ကားအသစ်တစ်စီး ဆိုက်လာပြီဆိုတာနဲ့ စားပွဲထိုးတွေ လည်း ပျားအုံတစ်အုံ က လုပ်သားပျားတွေ လိုပဲ ဟိုဖက်ပြေးလိုက် ဒီဖက်ပြေးလိုက်နဲ့။ လုပ်သားပျားနဲ့မတူတာဆိုလို့ တဝီဝီမြည် နေတဲ့တောင်ပံတွေ မပါတာဘဲကွာပါတယ်။ ဒါတောင်စားပွဲထိုးတွေ ကြည့်ရတာ တဝီဝီ မြည် နေသလားလို့ မိုးလုံးမွှေးထင်နေမိတယ်။

ဒီလိုနဲ့ မိုးလုံးမွှေနဲ့ ၂ပေ ညစားပွဲတော် တင်နေတုန်း မိုးလုံးမွှေးတို့ထက်အရင်ရောက်နှင့် နေတဲ့ အဝေးပြေးခရီးသည်တင်ကားဟာ ဆကလက်ထွက်ခွာ သွားပါတယ်။ အဲဒါအပြင် မိုးလုံးမွှေး တို့စီးလာတဲ့ကားလည်း အပြင်ထွက်သွားတာကို တွေ့လိုက်ရပါတယ်။ ခရီးသည်တွေ တော့ မပါပါဘူး ။ စားသောက်ဆိုင်ရှေ့မှာ ကားတစ်စီးမှမရှိတော့လို့ ပြောင်ရှင်း သွားပါတယ်။နည်းနည်း လည်းအား ငယ်သွားသလိုပါပဲ။ ခံစားမှု ကတော့ မိုးလုံးမွှေးလို ညဖက်အဝေးပြေးခရီးသွားတဲ့ လူမျိုးမှ သိရမယ့် ခံစားမှု ပါ။

နောက်တော့မှ ဟိုနေရာဒီနေရာက ပြောသံတွေ ကြားလာရတယ်။ မိုးလုံးမွှေးတို့ကားဟာ စပယ်ရာဘီးပေါက်နေလို့ သွားဖာတဲ့အကြောင်းပါ။ ဒီအချိန်ကြီးဘယ်နေရာမှာ ကားဘီးသွားဖာမှန်း မိုးလုံးမွှေးလည်းမသိပါဘူး။ဒါပေမယ့် ကားသမားတွေ ဟာ ဒီဒေသကိုတော့ အတော် ကလေး ကျွမ်းကျင်ရင်းနှီးပုံရတယ်။

တစ်ကားတည်စီးတဲ့ ခရီးသည်တွေ ကို လိုက်ကြည့်တော့အခုမှ အားလုံးစိတအေးလက်အေး ရှိသွားပုံပါပဲ။ အဲဒါကြောင့် မိုးလုံးမွှေးနဲ့ ၂ပေလည်း ထမင်းစားပြီးသွားတော့ အသင့်လာချပေးတဲ့ ရေနွေးကြမ်းလေးသောက်၊

အညာထန်းလျက်ခဲလေးကိုက်၊ စီးကရက်လေးဖွာ စကားလေးအေးအေးလူလူပြောနဲ့ ထမင်းလုံးစီနေလိုက်ပါတယ်။

ခဏကြာတော့ မိုးလုံးမွေးဗိုက်က ဇာတိပြလာပါတယ်။ တဂွီးဂွီးနဲ့ ရစ်ပြီး ဝမ်းသွားချင်လာ တာကို ပြောတာပါ။ အစ ကတော့မိုးလုံးမွေးလည်း ရတန့်သလောက် ဟန်ဆောင်ပန်ဆောင် နေကြည့်ပါသေးတယ်။

"ဂွီ......ဂွီ......ဂွီ"

"ဘာသံလဲ....မင်းဗိုက်ထဲက"

ဂျပေကို မိုးလုံးမွေ့ သွားဖြဲပြလိုက်တယ်။

"အဟီး....ငါဗိုက်နာနေလို့"

"အိမ်သာသွားချင်ရင် ငါတို့ကားမလားခင်း ခုသွားထားနော်"

ဂျပေအားပေးစကားအဆုံးမှာ ဘာကိုမှစဉ်းစားမနေတော့ဘူး။ စားသောက်ဆိုင်နောက်ကို မိုးလုံးမွေးထွက်လာခဲ့လိုက်တယ်။ ဟိုရောက်တော့ အသင့်တွေ ရတဲ့ ရေအိမ်တစ်လုံးထဲဝင်ပြီး ကိစ္စ ရှင်းဖို့ပြင်ရပါတယ်။

ရေအိမ်တွေ အားလုံး အဆင့်တန်းမှီ သန့်ရှင်းတဲ့အတွက် ဘယ်ရေအိမ်ကိုမှ တကူးတကရွေး ချယ်စရာမလိုတာဟာ မိုးလုံးမွေးအတွက် ပိုအစဉ်ပြေစေပါတယ်။ မဟုတ်ရင် ကောင်းတဲ့ သန့်တဲ့ အလုံး ရွေးနေတာနဲ့တင် အချိန်ကုန်နေဦးမယ်မဟုတ်လား။

အဲဒီ အချိန်မှာ ပဲ.....

"ပေါ်......ပေါ်.....ပေါ်...."

"ဟိုက်"

မိုးလုံးမွေး တစ်ယောက် တိုးလို့တန်းလန်းနဲ့ ဗျာများ သွားပါတယ်။

ဆိုင်ရှေ့မှာ မိုးလုံးမွေးတို့စီးလာတဲ့ ကားရောက်နေပြီ ထင်ပါရဲ့ ။

မိုးလုံးမွှေးဘာလုပ်ရမှန်း မသိ ဖြစ်နေတုန်းမှာ ပဲ အသံတစ်သံကို ကြားလိုက်ရပြန်ပါတယ်။

“ရေနံချောင်း ရန်ကုန်အဝေးပြေးကား ပြန်ရောက်ပါပြီ ခရီးသည်များ အမြန်းဆုံး ကားပေါ်တတ်ပေးကြပါ။”

စားသောက်ဆိုင်ထဲက ထွက်လာတဲ့ အသံပါ။

ရန်ကန်မှာ လို ကားစပယ်တွေ က လိုက်ပြီး အော်ခေါ်တာမျိုး မဟုတ်ပါဘူး။ စားသောက်ဆိုင် ဝန်းထမ်း တစ်ယောက် ယောက် က လူကျန်မှာ စိုးလို့ အော်ခေါ်ပေးတာပါ။ ဒါဟာ အဝေးပြေးခရီးတွေ ရဲ့ ထုံးတမ်းတစ်ခုပါ။ မိုးလုံးမွှေးလည်း အသံကြားကြားချင်း ကဗျာကယာပဲ ကိစ္စပြီးလိုက်ရပါတယ်။

စားသောက်ဆိုင်ထဲရောက်တော့ ဆိုင်ရှေ့မှာ မိုးလုံးမွှေးတို့ရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကား ကြီးကို လူစုံတက်စုံနဲ့ထက်ဖို့ပြင်နေတာတွေ ့လိုက်ရပါတော့တယ်။

“အကိုလေး.....ခင်းဗျားကိုစောင့်နေကြတာ...ဘာလဲအစ်ကိုလေးက ကစ်နေတာလား”

“ဟာ....မကစ်ပါဘူးဗျား....ဗိုက်နာနေလို့ပါ”

အရေး ထဲ စားသောက်ဆိုင်ဝန်ထမ်း တစ်ယောက် က မိုးလုံးမွှေးကို လှမ်းနောက်နေပါသေးတယ်။ သူပြောတဲ့”ကစ်”တယ်ဆိုတာခွက်ပုံးချတာကို ပြောတာပါ။ ဒီလိုညဘက်ခရီးဝေးသွားတဲ့အခါတချို့ ခရီးသည်တွေ က ခွက်ပုန်းခုတ်တတ်ကြပါတယ်။ ပုံစံကြည့်ရတာ စောစောက ခရီးသည်ကျန်မှာ စိုးလို့ ကားထွက်တော့မယ်အော်တာလည်း ဒီလူပဲနေမှာ ပါ။

ကားပေါ်ရောက်တော့ အားလုံး အေးအေးဆေးဆေးပါပဲ။ ၂ပေကလည်း ထိုင်ခုံမှာ ပီကေ တစ်ခုဝါးရင်း ကားကက်ဆက်ကဖွင့်နေတဲ့ ပိုးအိစံနဲ့ ငြိမ့်နေပါတယ်။

“ဘယ်လိုလဲကိစ္စပြီးခဲ့ရဲ့ လား”

မိုးလုံးမွှေးကိုမြင်တော့ ၂ပေကဆီးမေးပါတယ်။

"ဖိနင့်ရှင်းညံ့တယ်"

လို့ မိုးလုံးမွှေးပြန်ပြောတော့ ရယ်ပြီး ပိုးအိစံနဲ့ ဆက်ငြိမ့်နေပါတယ်။ ဖိနင့်ရှင်းညံ့တယ်ဆို တာဘောလုံးစကားပါ။ အဆုံးသတ်မကောင်းဘူးလို့ပြောချင်တာပါ။

အဲဒီ့ အချိန်မှာ ပဲ မိုးလုံးမွှေးတို့ရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကားကြီးဟာ ဘီးလိမ့်ပြီး စတင်ထွက်ခွာပါတယ်။မိုးလုံးမွှေးလည်းတစ်ချားလုပ်စရာမရှိလို့ ၂ပေလိုပဲ ပိုးအိစံနဲ့ငြိမ့်ဖို့ ပြင်ပါတယ်။

သီချင်းကအဲဒီ အခါမှာ ပိုးအိစံအရမ်းအောင်မြင်နေတဲ့ ကျွန်စစ်သားရယ် မဏိစန္ဒာရယ် အရိန္ဒမာလုံ့ရယ်ကို ဇာတ်ကောင်ပြုဖွဲ့နွဲ့ထားတဲ့သီချင်းဆိုတော့ သိတဲ့အတိုင်းခဏလေးနဲ့ မိုးလုံးမွှေး လည်းလွမ်းချင်သလိုလို ဆွေးချင်သလိုလို ဖြစ်လာပြီး ငြိမ်ကျသွားတော့တာပါပဲ။

"အို.....ဝိုးအိုးဝိုး.....တစ်ခါတရန်ဆီက ပုဂံရာဇဝင်ချစ်ဇာတ်လမ်းမှာ .....မှတ်တမ်းတင်မိ.... မင်းကျွန်စစ်..."

မိုးလုံးမွှေးလည်း မျက်စိလေးအသာမှိတ်ပြီး ဆက်ရက်မင်း စည်းစိမ်းကို ပြည့်ပြည့်ဝဝခံစား ရင်း လိုက်ပါလာခဲ့ပါတယ်။

"နားလည်ကျေးဇူး....သိတတ်စွာ ......နှလုံးသားကို"

အလိုလိုနေရင်း မိုးလုံးမွှေး အာရုံထဲမှာ ပေါ်လာတဲ့လှုပ်ရှားမှု ပုံရိပ်တွေ ဟာ သီချင်းသံစဉ်တွေ နဲ့ ရောထွေးပြီး ဝေဝါးစပြုလာတယ်။သီချင်းက တစ်ပုဒ်ပြီးလို့ နောက်တစ်ပုဒ်ကိုကူးသွားတယ် မိုးလုံးမွှေးအာရုံထဲက အရုပ်တွေ ကလည်း လေးလံနှေးကန်လာကြတယ်။

သီးချင်း ၂ပုဒ်ဆုံးလုဆုံးခင်မှာ ရုတ်တရက် မိုးလုံးမွှေးရဲ့ အားရုံထဲ ပုံရိပ်တစ်ခုတိုးဝင်လာ တယ်။ အာရုံထဲမှာ ခန္ဓာကို ကုန်းကွကွကြီးနဲ့

အလျှင်စလိုအိမ်သာတတ်နေတဲ့ မိမိပုံရိပ်ကိုမိမိ မိုးလုံး မွှေး ပြန်မြင်လိုက်ရတယ်ဆိုရင်ပဲ.....

ဖြုန်းဆို မှိတ်ထားတဲ့ မိုးလုံးမွှေးရဲ့ မျက်လုံးတွေ ဟာ ပြင်းပြင်းထန်ထန် ပွင့်ကန်သွားပါတယ် "ဟိုးထား....ဟိုးထား....ကားခဏရပ်းပေးလို့ရမလားဗျို့. စောစောကစားသောက်ဆိုင်မှာ အရေး ကြီးပစ္စည်းတစ်ခုကျန်ခဲ့လို့ပါဗျို့. "

မိုးလုံးမွှေးအသံကြောင့် တစ်ကားလုံး လှုပ်လှုပ်ခါခါ ဖြစ်သွားတယ်။ အနီကပ်နေတဲ့ ၂ပေဆိုရင်တော့ ပြောမနေနဲ့တော့။

"ဘာ..... ဖြစ်လို့လဲ"

၂ပေက ပြူပြူပျာပျာမေးတယ်။

မိုးလုံးမွှေးလည်း အတိုချုပ်တကာ့အတိုချုပ်ပြီး ဖြစ်ကြောင်းကို ခပ်တိုးတိုးပြောပြလိုက် တယ်။

"စောစောက စားသောက်ဆိုင်မှာ အိမ်သာတတ်တော့ အိမ်သာထဲမှာ ငါ့လက်စွပ်ကျန် ခဲ့လို့"

ကားခေါင်းခန်းထဲမှာ စပယ်ရာနဲ့ဒရိုင်ဘာ ခေါင်းချင်းနည်းနည်း ရိုက်သွားကြတယ်။ အခြေ အနေကို သုံးသပ်ညှိနှိုင်းနေကြတာကိုပြောတာပါ။ ခဏနေတော့ ကားစပယ်ပြန်းမေးတဲ့ အသံကြားရတယ်။

"အရေး မကြီးတဲ့ပစ္စည်းဆိုရင် ထားခဲ့တော့ဗျာ"

"ဟာ အရေး ကြီးတယ်ဗျ....ထားခဲ့လို့ မ ဖြစ်ဘူး... ကားပြန်လှည့်မောင်းပေးပါလား"

မိုးလုံးမွှေးကယောင်ကတမ်းနဲ့ ဖြစ်ချင်ရာတွေ လျှောက်ပြောတယ်။ ကားထဲကတခြားခရီး သည်တွေ ဆီကလည်း အသံလေးတွေ ဟိုတစ်စ ဒီတစ်စကြားလာရပါပြီ။

"ပြန်လှည့်လို့တော့မရဘူး ကားရပ်ပေးမယ် ခင်ဗျားပြန်ပြေးယူမလား"

စပယ်ရာရဲ့ ကမ်းလှမ်းချက်က မျှတတတယ်လို့ပဲမိုးလုံးမွှေး ဗွတ်ထင်ပစ်လိုက်ပါတယ်။

"ရတယ် ရတယ် ကျွန်တော် ပြန်ပြေးမယ်....ပြီးရင် အမြန်ဆုံးပြန်လာမယ်....ကျွန်တော့်ကို တော့မထားခဲ့ပါနဲ့"

မတတ်နိုင်ဘူး။ ဒီလောက်အခွင့်ရေး ရတာ နဲ့တင် မိုးလုံးမွှေးတော် တော် စိတ်သက်သာရာ ရသွားတယ်။ ၂ပေကိုလှည့်ကြည့်တော့ ငတိက အင်တင်တင်နဲ့။ သူ့ကိုမခေါ်စေချင်တဲ့ မျက်နှာပေးမျိုး ။

"ဟေ့ကောင် ငါလှုပ်ရှားဦးမယ်။ ဘယ်သူမေးမေး အိမ်သာထဲ ငါ့လက်စွပ်ကျန်ခဲ့တယ်လို့ မပြောနဲ့နော် အရေး ကြီးပစ္စည်းတစ်ခု ကျန်ခဲ့တယ်လို့ပဲပြော"

မလိုက်ချင်တော့လည်း ကိုယ့်ဒုက္ခထဲအတင်းမခေါ်ပါဘူး။

ဒါပေမယ့် ပြောစရာရှိတာလေးတော့ မမေ့မလျော့ လှည့်ပြောရသေးတယ်။ အကြောင်းသိချင်းကိုး။

"အော်....အင်း....အေးပါ....ဟိုမှာ ကားရပ်နေပြီသွားတော့"

၂ပေဆိုတဲ့ကောင်က သူမခေါ်မှန်လည်းသိရော ပျော်သွားတဲ့မျက်နှာကိုအတင်းဖုံးပြီး မိုးလုံး မွှေးကို ဗွတ်နှင်ထုတ်ပါတယ်။ မိုးလုံးမွှေးလည်း ကားပေါ်ကဆင်းပြီး လာလမ်းအတိုင်း ကတ္တရာ လမ်းမကြီးပေါ် အပြေးတစ်ပိုင်းလျှောက်ပါတယ်။ မိုးလုံးမွှေးရဲ့ နောက်ကျောဖက်မှာ တော့ မိုးလုံးမွှေး တို့ရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကားကြီးဟာ တရိပ်ရိပ်ဝေးကွာကျန်ရစ်ခဲ့ပါတယ်။

ဝါးသုံးရိုက်လောက် လျှောက်ပြီးတဲ့အခါ ကတ္တရာလမ်းမကြီးကိုမိုးလုံးမွှေးကောင်းကောင်း မမြင်ရတော့ပါဘူး။ မြင်ရတာ ကတော့အမှော င်ပါပဲ။ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ ခပ်ဝေးဝေးမှာ ကျန်ခဲ့တဲ့ အမှော င်ထုထဲ နောက်မီးမှိန်မှိန်လင်းနေတဲ့ မိုးလုံးမွှေးတို့ရဲ့ ချစ်ခင်ဖွယ်ရာအဝေးပြေးကားကြီးရဲ့

ဖင်ဖျားကို မြင်ရလေရဲ့။

တစ်နေရာအရောက် ကတ္တရာလမ်းကိုဖြတ်ပြီး ရေတွေ တဝေါးဝေါးစီးနေတဲ့ ရေကျော်တစ်ခုကို ဖြတ်ဖို့ ကြုံရပြန်ပါတယ်။ စောစောက ကားပေါ်မှာ လိုက်ပါလာတုန်း ကတော့ ရေကျော်ကို ဖြတ်ခဲ့မှန်းတောင် မသိလိုက်ပါဘူး။

ဒီလိုနဲ့ပုဆိုးကို အတိုဆုံး ဖြစ်အောင်မိုးလုံးမွှေးပြင်ဝတ်လိုက်တယ်။ ပြီးတော့ ဖိနပ်နှစ် ဖက်ကို ချွတ်ပြီး ညာဖက်လက်နဲ့စုကိုင်တယ်။ ရေကျော်ကိုဖြတ်တော့ ရေက ခြေသလုံးဝတ်လောက် ရောက်ပါတယ်။ မှောင်မှောင်မည်းမည်းနဲ့ ဘာမှလည်း ကောင်းကောင်းမမြင်ရ။ နေ့အလင်းရောင် ထဲ မှာ တောင် ကိုယ်တစ်ခါမှမလျှောက်ဖူးတဲ့ လမ်းမကြီးမှာ ဘယ်နားက ဘာရှိမှန်းလည်းမသိ။ အပေါင်း အဖော်ကလည်း လူမပြောနဲ့ခွေးတောင်မပါ။ ခြေကဗလာ။ အချိန်ကလည်း မရှိဘူးဆို ညာ၁၁နာရီး တော့အသာကလေးကျော်နေလောက်ပြီ။

တွေးကြည့်ရင်တော့မိုးလုံးမွှေ အ ဖြစ်က တော် တော် ချောက်ချားစရာပါပဲ။ ညသန်းခေါင်း နားနီးချိန်မှာ တစ်ခါမှမလျှောက်ဖူးတဲ့ မြန်မာနိုင်ငံရဲ့ အဝေးပြေလမ်းတစ်နေရာအမှောင်ထုထဲမှာ ခြေဗလာ အဖော်မပါဘဲ တစ်ယောက် တည်း လမ်းလျှောက်နေရတဲ့ အသက်၂၀ အရွယ်လူငယ်တစ် ယောက် အကြောင်းပေါ့ဗျာ။ ဒါပေမယ့် မိုးလုံးမွှေးမချောက်ချားအားပါဘူး။

ရေကျော်ကို ဖြတ်ပြီးတဲ့အခါမိုးလုံးမွှေးဆုံးဖြတ်ချက်တစ်ခုကိုချပါတယ်။ အဲဒါ ကတော့ ပြေး တာပါပဲ။

ဟုတ်ပါတယ်။ တောသားမြို့ ရောက်မိုးလုံးမွှေး။ မိုးလုံးမွှေးလေးတေားသားမြို့ ရောက် စတင် ပြေးပါပြီ။

အစ ကတော့ စားသောက်ဆိုင်နဲ့ မိုးလုံးမွှေးတို့ရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကားကြီးရဲ့ ကြားမှာ သီးချင်းနှစ် ပုဒ်စာမရှိတရှိသာကြာလေတော့ သိပ်ဝေးမှာ မဟုတ်ဘူးလို့ ထင်ခဲ့မိတာ မှား သွားပါတယ်

စားသောက်ဆိုင်ရောက်အောင်မိုးလုံးမွှေးတော် တော် ပြေးလိုက်ရပါတယ်။

စားသောက်ဆိုင်ကို ရောက်တော့ စာသောက်ဆိုင်ကလူတွေ က မိုးလုံးမွှေးကိုကြည့်ပြီး အံ့သြတကြီးပေါ့လေ။ အမှော င်ထဲကနေ အပြေးတစ်ပိုင်းထွက်လာတယ်။ ချွေးတွေ သံတွေ နဲ့အပြင် ပုဆိုးမှာ ရေတွေ ကလည်းစိုနေသေးတယ်။ဘာလဲပေါ့။

မေးခွန်းဆန်တဲ့ အကြည့်တွေ ကို မိုးလုံးမွှေးရင်မဆိုင်အားပါဘူး။ နောက်ဆုံးတက်ခဲ့တဲ့အိမ် သာဆီကိုပဲ တန်တန်းမတ်မတ်ဝင်ချသွားလိုက်ပါတယ်။ အိမ်သာကိုရောက်တော့ တံခါးကို စိတ်လှုပ်ရှားမောပန်းမှု အပြည့်နဲ့ ဆွဲဖွင့်လိုက်ပါတယ်။

"ဟာ"

အဲဒီ နေ့က မိုးလုံးမွှေးကံဆိုးသလို ကံလည်းကောင်းပါတယ်။

ကံဆိုးတာက ရွှေလက်စွပ်တစ်ကွင်းကြောင့် အချိန်မတော် နေရာမတော် မှာ ကသော င်း ကနင်း ဖြစ်ရပ်တွေ ကြုံရတာ ပါ။ ကံကောင်းတာက အဲဒီ့ ရွှေလက်စွပ်ကို ကွင်းလုံးကျွတ်ပြန်ရရှိတာပါ အိမ်သာတံခါးကို ဆွဲဖွင့်လို ကတော့ မိုးလုံးမွှေးရဲ့ စပရိန်ရွှေလက်စွပ် ကလေးဟာအနေအထားမပျက်ထားခဲ့တဲ့နေရာမှာ ပကတိတွေ ့လိုက်ရတော့ မိုးလုံးမွှေးရဲ့ ဝမ်းသာမှု ဟာ အနှိုင်းမဲ့ပါပဲ။

"အစ်ကိုလေး....ကံကောင်းတယ်။ အကိုလေးတို့ကားပြီးတော့ နောက်ထပ်ကားမဆိုက်သေးဘူး။ ဆိုက်များ ဆိုက်သွားရင်ပါလာတဲ့ ခရီးသည်တွေ က အိမ်သာတတ်ကြမှာ ပဲ။ အဲဒါဆိုရင် သွားပြီး ဒီကြားထဲလည်း ကျွန်တော့ဆိုင်က ဘယ်သူမှ အိမ်သာမတတ်တာလဲ အစ်ကိုလေးကံ ကောင်းတာပဲ မဟုတ်ရင် လက်စွပ်ပဲ ဖြစ် ဖြစ် ခြေစွပ်ပဲ ဖြစ် ဖြစ် ပြန်မရဘူး"

ပထမအခေါက်တုန်းက ခရီးသည်ကျန်မှာ စိုးလို့ ကားထွက်တော့မယ်အော်ပြောတဲ့ စား သောက်ဆိုင်ကလူက မိုးလုံးမွှေ ဖြစ်အင်ကိုသိပြီးတဲ့နောက် သုံးသပ်ပြတာပါ။ အဲဒီ လူကပဲ ဆိုင်းမှာ ရှိတဲ့တစ်စီးတည်းသော

မော်တော် ဆိုင်ကယ်ကို ထုတ်ပြီး မိုးလုံးမွှေးရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကား ကြီးဆီ လိုက်ပို့ပေးလို့ အပြန်ခရီးဟာ အဆမတန်မြန်ဆန် သွားပါတယ်။

ဒါတောင်ကတ္တရာလမ်းမပေါ် ရေကျော်နေတဲ့နေရာမှာ ဆိုင်ကယ်ပလပ်ထဲ ရေဝင်ပြီး ဆက်မောင်းလို့မရတော့တဲ့အတွက် ရေကျော်ဒီဖက်ကို မိုးလုံးမွှေးပြေးရပြန်ပါသေးတယ်။ ဆိုင်ကယ်နဲ့မောင်းပို့တဲ့ စားသောက်ဆိုင်ကလူကို မိုးလုံးမွှေး ပါသမျှပိုက်ဆံထုတ်ပေးပေမယ့် မယူပါဘူး ဒါဟာ ရွှေလက်စွပ်တစ်ကွင်းကို အကြောင်းပြုပြီး ရွှေမြန်မာတို့ရဲ့ ရွှေစိတ်ဓာတ်အစစ်အမှန်ကို မိုးလုံးမွှေးမြင်ခွင့်ရခဲ့တာပါ။

ရေကျော်ဟိုဖက်ရောက်တော့ မိုးလုံးမွှေးတိုရဲ့ ချစ်ခင်ဖွယ်ဝေးပြေးကားကြီးရဲ့ ဖင်ဖျားက နောက်မီးမှိန်မှိန်လေးကို လှမ်းမြင်နေရပါပြီ။ တော် တော် ပြေးလိုက်ရလို့ မိုးလုံးမွှေးလည်း ဟောဟဲ ဆိုက်နေပါပြီ။ ဟောဟဲဆိုက်တဲ့ကြားကပဲ မိုးလုံးမွှေးတို့ရဲ့ ချစ်ခင်ဖွယ်အဝေးပြေးကားကြီးဆီကို ပြန်ရောက်ပါတယ်။

ကားပေါ်ရောက်ရောက်ချင်း ခရီးသည်အားလုံးကို မိုးလုံးမွှေး ကျေးဇူးတင်စကားအော်ပြော ရပြန်ပါတယ်။

အားလုံး ကျွန်တော်
.....ဟောဟဲ.....ကျေးဇူးတင်ပါ..ဟောဟဲ.....တင်ခင်ဗျာ....အားလုံးကျွန် တော်
....ဟောဟဲ....ကြောင့် နောက်ကျတာ....ဟောဟဲ.......ခွင့်လွှတ်နားလည်းပေးကြပါခင်ဗျာ...
ကားဒါရိုက်ဘာကြီးများ ကိုလည်း ဟောဟဲ....ကျေးဇူးပါပဲခင်....ဟောဟဲ....ဗျာ

ခုံမှာ ထိုင်ဖို့လျှောက်လမ်းအတိုင်း မိုးလုံးမွှေးလှမ်းလာတော့ ခရီးသည်တွေ က ပြုံး စိစိနဲ့။ အထူသဖြင့် အမျိုး သမီးတွေ ပေါ့လေ။ ကားကြီးလည်း ဘီးစလိမ့်ပါပြီ။ ၂ပေ ကတော့ ခပ်တည်တည်ပါပဲ။

၂ပေက ထုံးစံအတိုင်း ဆီးမေးတယ်။

"ဖိနင့် ရှင်းည့်တယ်"

ပြောပြီး ၂ပေကို မိုးလုံးမွှေးဘုရှိုး ရှိုးလိုက်တယ်။ စိတ်ထဲကလည်း ခွေးမသား မပြောပါနဲ့ဆိုတာ ပြောလိုက်တယ်ဆိုပြီး ဒေါသ ဖြစ်မိသွားတယ်။ ဒင်းပြောလို့ကားပေါ်က မိန်းမတွေ ရယ်နေကြတာ။

"အဟဲ့....သူတို့ကအတင်းမေးတာနဲ့"

၂ပေကလည်းကြာကြာထားလို့မရမှန်းသိတော့ စပ်ဖြဲဖြဲနဲ့ဖွင့်ပြောပါတယ်။

"ဒါနဲ့ နေပါဦး၊ မင်းက ဘယ်လိုလုပ်ပြီး အိမ်သာထဲလက်စွပ်ကျန်ခဲ့ရတာ တုန်း"

"ဘာလဲ မင်းသိရင် တစ်ကားလုံး အော်ပြောဦးမလို့လား"

ဆိုပြီး မိုးလုံးမွှေး ဘုတောလိုက်တော့ ၄တိက ဟိုဖက်ပြန်လှည့် သွားပါတယ်။

ဒါပေမယ့် ၂ပေမေးတဲ့ မေးခွန်းကြောင့် မိုးလုံးမွှေးစိတ်ထဲမှာ ပြင်ရဦးမယ့် အကျင့်ဆိုးတစ်ခု ကို ပြန်သတိရသွားပြီး ခေါင်းခါလိုက်မိပါတယ်။ အိမ်သာတက်တိုင်း လုပ်တတ်တဲ့ ကိုယ့်ရဲ့ အဲဒီ အကျင့်ဆိုးကြောင့် တစ်ချိန်မှာ ဒီလိုဒုက္ခလှလှကြီးတွေ လာလိမ့်မယ်လို့ မိုးလုံးမွှေးအရင်က ဘယ် တွေ းထင်ထားပါ့မလဲလေ။

တစ်မျိုး တော့ မထင်လိုက်ကြပါနဲ့ ခင်ဗျာ။

ဒီလိုပါ။ မိုးလုံးမွှေးအိမ်းသာတက်ရင်(ကန်တော့ပါရဲ့ )ဘယ်ဖက်လက်နဲ့ ကိစ္စရှင်းပါတယ်။ ခက်တာက အဲဒီ့ ဘယ်ဖက်လက်ခလယ်မှာ ရှိနေတဲ့စပရိန်ရွှေလက်စွပ်လေးက ထုံးစံအတိုင်း မိုးလုံးမွှေးလက်နဲ့ နည်းနည်း ချော်နေလေတော့ ကိစ္စရှင်းတဲ့အခါအောက်ကို ကျွတ်ကျပါသွားမှာ ကြောက်တဲ့စိတ်နဲ့ လပ်စွပ်ကိုလုံးလုံးချွတ်ပြီးမှသာ ကိစ္စကို ရှင်းလေ့ရှိပါတယ်။ ပြီးမှပြန်ဝတ်ပါတယ်။

အခု ဖြစ်တာက နောက်ဆုံးအိမ်သာ တတ်တုန်းမှာ အလောသုံးဆယ်တက်လိုက်ရတော့ ကိစ္စပြီးသွားပေမယ့် ချွတ်ထားတဲ့ ရွှေလက်စွပ်လေးကို ပြန်မဝတ်မိဘဲ နောက်ကျမှ ပြန်သတိရလိုက်မိခြင်းသာ ဖြစ်ပါကြောင်း။

မျှားသူ

၁၂.၁၀.၁၀

မနက် ၀၂း၃၀

■